Oregon Water Futures

*အော်ရီဂွန်း အသိုင်းအဝိုင်းများအတွက် ရေရရှိမှု တရားမျှတရေး*

## အော်ရီဂွန်းပြည်နယ် ရေရရှိရေး အနာဂတ်များ ပူးပေါင်းဆောင်ရွက်ရေးမှ ဦးစီးဦးဆောင်ပြုသည့် အသိုင်းအဝိုင်းတွင်း စေ့စပ်ဆောင်ရွက်မှု

ရာသီဥတုပြောင်းလဲမှု၊ ပြည်နယ်တစ်ခုလုံးရှိအိုဟောင်းနေသည့် အခြေခံအဆောက်အအုံများ၊ သန့်ရှင်းသည့်ရေအတွက် လက်ရှိ၌ရင်းနှီးမြုပ်နှံမှုမရှိခြင်းတို့က အော်ရီဂွန်းရေစနစ်ကို ဖိအားများစေ၍၊ ကျွန်ုပ်တို့၏ကျန်းမာရေး၊ ဘေးကင်းလုံခြုံမှု၊ စီးပွားရေး၊ နှင့်သဘာဝပတ်ဝန်းကျင်တို့ကို ဘေးအန္တရာယ်ဖြစ်စေပါသည်။ လူဖြူမဟုတ်သည့်အသိုင်းအဝိုင်းများ၊ အထူးသဖြင့်ကျေးလက်ရှိလူများနဲ့ဝင်ငွေနည်းပါးသည့်လူများသည်၊ ရေမီးဓာတ်အား အသုံးစရိတ်မြင့်တက်မှုများ၊ မိုးခေါင်ရေကြီးခြင်း ခုံခံနိုင်မှုအားနည်းခြင်း၌ကွာဟနေမှုများ၊ နိုက်ထရိတ်၊ ပိုးသတ်ဆေး၊ နှင့်မာကျောသောသတ္တုများ၏ ပြင်းထန်သည့်ဒဏ်ခံရခြင်း စသည်တို့အပါအဝင်၊ မကြာခဏ ဤသက်ရောက်မှုကို အများဆုံးခံစားရ၍၊ အမျိုးမျိုးသော ခြိမ်းခြောက်မှုကိုကြုံတွေ့နေရပါသည်။

ဤခြိမ်းခြောက်မှုများနှင့်ကျွန်ုပ်တို့၏ရေအရင်းအမြစ်များ ခုံခံနိုင်မှုအားနည်းခြင်းမြင့်တက်လာမှုများကို အသိအမှတ်ပြုကာ၊ လက်ရှိတွင်ကိုယ်စားပြုခြင်းခံရမှု၌ အောက်ရောက်နေသော သို့မဟုတ် ရှေးယခင်ရေပေါ်လစီ ဆုံးဖြတ်ချလုပ်ဆောင်မှုများ၌ ခွဲခြားဆက်ဆံခြင်းခံရသော လူမှုအသိုင်းအဝိုင်းများအတွင်း ရေကိစ္စဦးစားပေးဆောင်ရွက်မှုများကို တိုးမြင့်ဖို့ရန် အော်ရီဂွန်းရေအနာဂတ်များစီမံကိန်းအား ဖွဲ့စည်းခဲ့ပါသည်။

### <u>အသိုင်းအဝိုင်းမှ စကားသံများကို မြှင့်တင်ခြင်း</u>

2020 တွင်၊ အော်ရီဂွန်းရေအနာဂတ်များစီမံကိန်းက လက်တင်အမေရိကန်တိုင်းရင်းသားများ၊ ကာရေဗီယန်လူမျိုးများ၊ အရှေ့တောင်အာရှသားများ၊ အရှေ့အလယ်ပိုင်းသားများ၊ အာရပ်၊ ပစိဖိတ်ကျွန်းသားများ၊ နှင့်ဆိုမာလီလူမျိုးများအပါအဝင်၊ ဒေသခံများ၊ လက်တင်စ်၊ လူမည်း၊ နှင့်ပြည်နယ်အနှံ့ အမျိုးမျိုးသောလူမှုအသိုင်းအဝိုင်းများနှင့် အတူတကွစိတ်ကူးပုံဖော်ကာ ပြောဆိုဆွေးနွေးမှုများကို ကမကထပြု၍လုပ်ဆောင်ခဲ့ပါသည်။ အဆိုပါ ပြောဆိုဆက်သွယ်မှုများက သောက်ရေ နှင့် သုံးရေများ၊ ရေအရည်အသွေး နှင့် ကုန်ကျစရိတ်တို့နှင့်ပက်သက်သည့် စိုးရိမ်ပူပန်စရာများ၊ ရုပ်ပိုင်းဆိုင်ရာ၊ စိတ်ပိုင်းဆိုင်ရာ နှင့် ဝိညာဉ်ပိုင်းဆိုင်ရာ ကျန်းမာရေးအတွက် မရှိမဖြစ် ရေရင်းမြစ်များကို အလှမ်းမီရရှိရန် စိန်ခေါ်မှုများ ရင်ဆိုင်ရာတွင် ခံနိုင်ရည်ရှိမှု၊ နှင့် ရေရင်းမြစ်ဆိုင်ရာ ပညာပေး ရရှိရန်စိတ်ဆန္ဒ နှင့် ရေရင်းမြစ်များအကြောင်း

ထောက်ခံပြောဆိုရန် ပိုမိုကောင်းမွန်စွာပြင်ဆင်ထားရေးတို့နှင့် ပတ်သက်၍
အပြန်အလှန်ဆက်သွယ်ခြင်းအတွက် ယဉ်ကျေးမှုအရ သီးခြားနည်းလမ်းများကို မြှင့်တင်ပေးခဲ့သည်။

**ရေတန်ဖိုး + ဗဟုသုတ**

ရပ်ရွာလူထုများက ကျွန်ုပ်တို့၏ရေအရင်းအမြစ်များကို အလေးအနက်ထားပြီး ဩစတြေးလျ၏ရေအရင်းအမြစ် ပန်းတိုင်များကိုရရှိဖို့အတွက် ပံ့ပိုးပေးရန် သူတို့မှာ ကျယ်ပြန့်သည့် ဗဟုသုတနှင့်အတွေ့အကြုံများရှိကြပါတယ်။ သို့သော်ငြားလည်း ၎င်းတို့သည် မူဝါဒ နှင့် အခြေခံအဆောက်အအုံဆိုင်ရာ ဆွေးနွေးမှုများတွင်း ပါဝင်ရန် အတားအဆီးများ ရင်ဆိုင်နေကြရသည်။ ကျေးလက်၊ ဝင်ငွေနည်းပါးသူ၊ ဇာတိတိုင်းရင်းသား၊ လူမဲ နှင့် ရွှေ့ပြောင်းဝင်ရောက်သည့် အသိုင်းအဝိုင်းများအနေဖြင့် ရိုးရိုးရေသုံးစွဲသူအဖြစ် သာမက ရေရရှိမှု ဆောင်ရွက်သူများအဖြစ် စေ့စပ်လုပ်ဆောင်ရမည်။ သူတို့ရဲ့တန်ဖိုးထားမှုတွေ၊ ယဉ်ကျေးမှုဆိုင်ရာဗဟုသုတတွေကို သယ်ဆောင်ခြင်းအားဖြင့်၊ ရေအရေးကိစ္စစိန်ခေါ်မှုများအား အဖြေရှာရန်နှင့် မမျှတမှုများကို ကိုင်တွယ်ဖို့ရန် ရပ်ရွာလူထုများက ကျွန်ုပ်တို့ရဲ့ပူးပေါင်းလုပ်ဆောင်နိုင်စွမ်းကို တိုးတက်အောင်လုပ်ဆောင်ပေး နိုင်ပါသည်။

**မမြင်တွေ့နိုင်သည့် ရေရရှိမှုဆိုင်ရာ မသေချာမရေရာမှုများ - ပြည်သူ့ကျန်းမာရေး နှင့် ဘေးအန္တရာယ်ကင်းရှင်းရေး**

ဆိုးရွားသည့်ရေအရည်အသွေးနှင့်ရေရရှိရေးစိန်ခေါ်မှုများကို ဩစတြေးလျပြည်နယ်သားအချို့ ကြုံတွေ့နေရဆဲဖြစ်ပါတယ်။ ပတ်ဝန်းကျင်ညစ်ညမ်းမှုနှင့်အန္တရာယ်ဖြစ်စေသည့်မျိုးစိတ်များက ပင်မအစားအစာအရင်းအမြစ်များကို ခြိမ်းခြောက်နေ၍ လူမျိုးစုအသိုင်းအဝိုင်းများ၏ ဝင်ငွေအရင်းအမြစ်များကို သက်ရောက်မှုဖြစ်စေပါသည်။ တဖြည်းဖြည်းများသထက်များလာသည့်သဘာဝဘေးအန္တရာယ်များကြုံတွေ့နေရသည့်အပြင် ဝင်ငွေနည်းပါး၍အင်္ဂလိပ်စကား မပြောသော အိမ်ထောင်စုများသည် ကျွန်ုပ်တို့ရဲ့အရေးပေါ် တုံ့ပြန်မှုစနစ်များအတွင်း၌ မတူညီသည့်ခုခံနိုင်မှုအားနည်းခြင်း များကိုကြုံတွေ့နေရပါသည်။ ပြည်နယ်နှင့်ဒေသခံဆုံးဖြတ်ချက်ချမှတ်သူများ၏ စကားပြောဆိုဆွေးနွေးမှုများနှင့် ဩစတြေးလျပြည်နယ်သားများရဲ့ဗဟုသုတ၊ ဦးစားပေးမှုများ၊ နှင့်စိုးရိမ်ပူပန်မှုများအကြားမှာ ကွာဟမှုရှိနေပါသည်။

**အခြေခံအဆောက်အအုံ + အသိုင်းအဝိုင်း စေ့စပ်ဆောင်ရွက်မှု**

အခြေခံအဆောက်အအုံ တိုးမြှင့်ရေးများနှင့်တွဲ၍ အသိုင်းအဝိုင်း စွမ်းဆောင်ရည် နှင့် စေ့စပ်ဆောင်ရွက်မှုအတွင်း ရင်းနှီးမြှုပ်နှံခြင်းက အော်ရီဂွန်း ပြည်နယ်သားအားလုံးအတွက် ပိုမို တရားမျှတပြီး ရေရှည်ခံသည့် ရေရရှိရေး အနာဂတ်တစ်ခု တည်ဆောက်ရာတွင် သာတူညီမျှ အရေးကြီးလှပါသည်။ သမိုင်းကြောင်းအရ အခြေခံအဆောက်အအုံတွင်း ရင်းနှီးမြှုပ်နှံမှုများက အသိုင်းအဝိုင်းများအားလုံးအတွက် ညီတူညီမျှ အကျိုးခံစားခွင့်များ မဖန်တီးပေးခဲ့ပါ။ လူမျိုးနွယ်စုများ၊ CBO များ၊ BIPOC ခေါင်းဆောင်များနှင့် ဝင်ငွေနည်းပါးသောကျေးလက်နေပြည်သူများကဦးဆောင်၍ သူတို့နှင့်အတူတကွရေးဆွဲထားသည့် လူထု၏လုပ်ဆောင်နိုင်စွမ်းနှင့်ပါဝင်ပတ်သက်မှု၌ရင်းနှီးမြှုပ်နှံခြင်းသည် လူထုတစ်ခုလုံးကိုအလုပ်အကျွေးပြုသည့် သာတူညီမျှရှိသောဥပဒေများနှင့်ပေါ်လစီများဖြစ်ပေါ်လာရေးအတွက် လမ်းကြောင်းများကိုဖွင့်ပေးပါသည်။

<u>၂၀၂၀ အသိုင်းအဝိုင်း စေ့စပ်ဆောင်ရွက်ရေး - ပြည်နယ်တစ်ဝန်း အဓိက ခေါင်းစဉ်များ နှင့် တွေ့ရှိချက်များ</u>

- ရေ၏တန်ဖိုး နှင့် ပညာပေး
  - အော်ရီဂွန်းပြည်နယ် ရေရင်းမြစ်ဆိုင်ရာ ရည်မှန်းချက်များ အောင်မြင်ရရှိရန် ကြီးမားကျယ်ပြန့်သည့် ဗဟုသုတ နှင့် အတွေ့အကြုံများ ထည့်ဝင်ရန်အကြောင်း ကျွန်ုပ်တို့၏ အသိုင်းအဝိုင်းဝင်များသည် နက်နက်နဲနဲ ဂရုစိုက်နေကြပါသည်
  - ပြည်သူလူထုများ ရေနှင့်ရေစီမံခန့်ခွဲမှုများကို ပိုမိုလေ့လာဖို့ရန် အတွက် တွန်းအားဖြစ်စေ၍ သူတို့၏အသိုင်းအဝိုင်းအတွင်း နှင့်အခြားသောပညာရှင်များအကြား အချင်းချင်း အသိပညာများဝေငှကြပါသည်
- စွမ်းဆောင်ရည် နှင့် အချက်အလက် ရရှိမှု
  - ရေရင်းမြစ်ဆိုင်ရာ စိန်ခေါ်မှုများသည် အသိုင်းအဝိုင်းစွမ်းဆောင်ရည် လိုအပ်ချက်များနှင့် ချိတ်ဆက်နေပါသည်။
  - အရေးပါသောသတင်း အချက်လက်များ နှင့်ဆက်သွယ်ရေးခြားနားချက်များက ယုံကြည်မှုကင်းမဲ့ခြင်းကို ဖြစ်စေပါသည်
  - သင်အိမ်ငှားနေသည်ဖြစ်စေ အိမ်ပိုင်သည်ဖြစ်စေ ရေအရင်းအမြစ်များနှင့်သတင်းအချက်လက်များရရှိမှု၏ သက်ရောက်မှုကို ခံရပါသည်
- သောက်ရေ

- ပြည်သူလူထုအများအပြား အလွန်ဆိုးရွားသည့် ရေအရည်အသွေးနှင့်ရေရရှိခြင်းစိန်ခေါ်မှုများကို ကြုံတွေ့နေရပါတယ်
- ရေရရှိသုံးစွဲနိုင်မှုနှင့်ရေအရည်အသွေးသည် ဆက်စပ်နေပါသည်။ ရေဖိုးမြင့်မားစွာပေးဆောင်ရသည့်ပြည်သူလူထုများ၌လည်း ရေအရည်အသွေးပြသနာများကို တိုင်ကြားကြပါတယ်။
- ယခင်အတွေ့အကြုံ၊ အားနည်းသည့်စည်းမျဉ်း၊ နှင့်ဌားရမ်းနေထိုင်သူများအားကာကွယ်မှုမရှိခြင်းတို့နှင့် ဆက်စပ်နေသော ကောင်းမွန်သောရေအတွက်ပူပန်မှုများ ရှိနေပါသည်

- အရေးပေါ်အတွက် အဆင်သင့်ရှိမှု
  - အချို့သောပြည်သူလူထုများသည် ငွေကြေးအခက်အခဲ၊ အရင်းအမြစ်များနှင့်သတင်းအချက်အလက်များကြောင့် သဘာဝဘေးအန္တရာယ်များအတွက် ကြိုတင်ပြင်ဆင်ခြင်း လုပ်ဆောင်နိုင်ခြင်းမရှိဖြစ်နေသည်ဟုခံစားနေရပါသည်
  - ပြည်သူလူထုနှင့်ပြည်နယ်အုပ်ချုပ်ရေးတစ်ခုနှင့်တစ်ခုအကြားပူးပေါင်းလုပ်ဆောင်မှုများက ယဉ်ကျေးမှုဆိုင်နည်းလမ်းများနှင့်အညီ အနာဂတ်အရေးပေါ်အခြေအနေများတွက် ပြင်ဆင်ပေးပါသည်

- အခြေခံအဆောက်အဦး လိုအပ်ချက်များ
  - ရေကြီးမှုက ရှင်သန်နေထိုင်မှုများ နှင့် လူထုကျန်းမာရေးအပေါ် ထိခိုက်ပါသည်
  - သဘာဝအခြေခံအဆောက်အအုံများ၌ရင်းနှီးမြုပ်နှံခြင်းများသည် ယဉ်ကျေးမှုအရင်းအမြစ်များပြန်လည်ထိန်းသိမ်းဖို့အတွက် လိုအပ်ပါသည်
  - အိမ်သုံးရေတွင်းနှင့်အနာရင်းနေသည့်စိန်ခေါ်မှုများအား ကိုင်တွယ်ဖြေရှင်းဖို့အတွက် ငွေကြေးအထောက်အပံ့ လိုအပ်ပါသည်
  - မြစ်ရေ၏ အရည်အသွေးကို မြှင့်တင်ခြင်းက လူပိုများများကို အပြုသဘောဆောင်သည့် ရေရရှိရေး အတွေ့အကြုံနှင့် ဆက်သွယ်ပေးရန် အခွင့်အလမ်းတစ်ခု ဖြစ်ပါသည်။
  - အငယ်စား ရေပေးစနစ်များ နှင့် အလုပ်ရှင်မှပေးအပ်သော အိမ်ရာတို့တွင် ရေ အလှမ်းမှီရရှိမှုက တသမတ်တည်းမဟုတ်ပါ

- အသိုင်းအဝိုင်းတွင်း စေ့စပ်ဆောင်ရွက်မှု အကောင်းဆုံး အလေ့အထ

- အသိုင်းအဝိုင်းထံမှ အသံကို ဗဟိုပြုသည့် လက်ကမ်းဝင်ရောက်မှု နှင့် စေ့စပ်ဆောင်ရွက်မှုဆိုင်ရာ ချဉ်းကပ်မှုများ တွဲ၍ဖန်တီးပါ
- ပြောင်းလွယ်ပြင်လွယ် နှင့် အလိုက်သင့်အလျားသင့်ရှိပါ
- တတ်နိုင်သလောက် အလှမ်းမှီရရှိအောင် ဖန်တီးပါ
- လူများ၏ ရှိလက်စ တန်ဖိုးများ နှင့် ဘာသာစကားကို တီးခေါက်ပါ
- လုံလောက်သည့် ရန်ပုံငွေရရှိအောင် သေချာလုပ်ပါ

အော်ရီဂွန်းရေအနာဂတ်များစီမံကိန်းသည် ရေနှင့် သဘာဝပတ်ဝန်းကျင်ဆိုင်ရာတရားမျှတမှုအကျိုးစီးပွားများ၊ တိုင်းရင်းသားများ၊ လူဖြူမဟုတ်သည့်အသိုင်းအဝိုင်းများ၊ ဝင်ငွေနည်းပါးသည့်ပြည်သူများ၊ နှင့်ပညာရေးဆိုင်ရာအဖွဲ့အစည်းများအကြား ပူးပေါင်းဆောင်ရွက်မှုတစ်ခုဖြစ်ပါသည်။ ရေရရှိမှု တရားမျှတရေး မှန်ဘီလူးများမှတဆင့် ပြည်နယ်နှင့် ဒေသန္တရအဆင့်များတွင် ဇာတ်လမ်းများပြောပြခြင်း၊ စွမ်းဆောင်ရည် တည်ဆောက်ခြင်း၊ မူဝါဒ ချမှတ်ခြင်း နှင့် အသိုင်းအဝိုင်းအခြေပြု ထောက်ခံပြောဆိုမှုမှတဆင့် အော်ရီဂွန်းပြည်နယ်အတွင်း ရေရရှိရေး အနာဂတ်မျှော်မှန်းထားပုံအပေါ် သက်ရောက်ရန် ကျွန်ုပ်တို့ရည်မှန်းပါသည်။

Coalition of Communities of Color | VERDE | University of Oregon | Oregon Environmental Council | Willamette Partnership

[oregonwaterfutures.org](oregonwaterfutures.org)